မုဒိတာစာပေ



# သူဟာမြန်မာမလေးပါ

ဝတ္ထုတိုများ

## နှင်းဝေငြိမ်း

# နတ်သံနှောပြောလိုက်ချင်ပါရဲ့

တံခါးဖွင့်ဖွင့်ချင်း အရင်ဆုံးတွေ့ရသည့် ဖိနပ်တွေကြောင့် ဧည့်သည်တွေရောက်နေပြီဆိုတာ သိလိုက်လေ၏။ ဒီအချိန်မျိုးမှာ ဧည့်သည်လာတာ စိတ်အပျက်ဆုံးပဲဟု ဘာသာစိတ်ထဲမှာရေရွတ် ရင်း ဧည့်ခန်းဖက်လှမ်းကြည့်မိသည်။

တစ်ခါမှမမြင်ဖူးသည့် ဧည့်သည်နှစ်ယောက်။ အထုတ်အပိုးတွေနှင့် ယောကျ်ားတစ် ယောက်၊ မိန်းမတစ်ယောက်ဆိုမှ လင်မယားပဲပေါ့။ လင်မယားဆိုတာနှင့် ရီမာကျော့မျက်လုံးက အိမ်ခန်းထောင့်က အိမ်တွင်းစင်ဆီ အကြည့်ရောက်သွား၏ "လင်စုံမယားဖက် အိမ်ဦးခန်းမှာ မအိပ် ရဘူးနော်။ ဘယ်ဧည့်သည်လာလာ မသိပ်ရဘူးကြားလား။ တို့ရိုးရာက လက်မခံဘူး၊ မကြိုက်ဘူး၊ မှတ်ထားနော်သမီး" လို့ တစ်နေ့ ဆယ့်ခြောက်ခေါက်လောက် လာရင် ဆယ့်ခြောက်ခေါက်လောက် မှာထားသော အမေ့စကားများက မင်္ဂလာဦးနေ့ရက်တွေမှာ လက်ဖွဲ့ရသလိုတောင် ထင်ခဲ့မိသည် အထိ။

"ရီမာကျော် သေသေချာချာမှတ်နော်၊ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ အိမ်ထောင်ဦးမှာ မိရိုး ဖလာ အိမ်တွင်းထားတာ အမေတို့ထုံးစံပဲ၊ စီးပွားလည်းတက်တယ်၊ ကျန်းမာရေးလည်း ကောင်း တယ်၊ ဘာပဲဖြစ်ဖြစ် အမေကတော့ အိမ်တွင်းကိုးကွယ်စေချင်တယ်။ ပြီးတော့ ညည်းယောကျ်ားက လည်း သဘော်သားမဟုတ်လား၊ သဘော်သားဆိုတာ ဦးရှင်ကြီးတွေဘာတွေ တင်ရတယ်လေ"

"ဟာ.......အခု သဘော်သားမဟုတ်တော့ပါဘူး အမေရယ်၊ ဒီမှာပဲ ကိုယ်ပိုင်လုပ်ငန်းလုပ် နေပါပြီ။ အမေ့သဘောပါ၊ သမီးတို့က ဘာမှနားမလည်ဘူးနော်၊ အမေလာလုပ်ပေးမှဖြစ်မှာ သမီး တော့ကြောက်တယ်၊ အမေ့သားမက်က အယုံအကြည်သိပ်ရှိတာမဟုတ်ဘူး တောပြောတောင် ပြော"

"အေးပေါ့ဟဲ့.......အမေလာလုပ်ပေးမယ်၊ ရိုရိုသေသေသာ ကိုးကွယ်ပါ။

ရိုးရာဆိုတာ မဖျောက်ကောင်းဘူး၊ ဝါဝင်ဝါထွက် ကန်တော့ရတာ ပဲရှိတာ သူ့ဓလေ့နဲ့သူရှိတာ မပယ်ကောင်းဘူး”

သည်လိုနဲ့ ရီမာကျော်တို့အိမ်ထောင်ဦးမှာ အမေ့အားကိုးနှင့် မိရိုးဖလာကိုးကွယ်မှု စခဲ့ပါ သည်။ ရီမာကျော်က အမေ့သမီးပီပီ စိုးရိမ်တတ်၊ ကြောက်တတ်၍ အမေမှာ.......မှာတဲ့အတိုင်း တသွေမတိမ်း လိုက်လုပ်လေ့ရှိရာ တစ်ခါတလေ ယောက်ျား၏ သွေးတိုးစမ်းစကားများကြောင့် ထိတ်ထိတ်လန့်လန့်ဖြစ်ရတာ လည်း အခါခါမကတော့ပေ။

“နတ်ထဲမှာတော့ အိမ်ဦးနတ်က အကြီးဆုံးပဲထင်တယ်နော်.......မိန်းမ”

ဟုစတဲ့အခါမျိုးမှာ ရီမာကျော်ခမျာ သူ့ကိုဘာမှ မဖြေရှင်းနိုင်သေးခင် အိမ်တွင်းစင် ယပ်ပြေး ခတ်ရင်း

“ဘုရား.......ဘုရား၊ အိမ်တွင်းဖခင်ကြီး ဗွေမယူပါနဲ့၊ အမိုက်အမဲမို့ ခွင့်လွှတ်ပါ”

ဟု ယောက်ျားဖက် မျက်စောင်းထိုးလိုက် ပါးစပ်က တတွတ်တွတ်ရွတ်လိုက်နှင့် တော်တော် ကြီး ကြောက်လန့်တတ်သလို

“နေပါဦး မိန်းမရ ဦးရှင်ကြီးနဲ့ အိမ်တွင်းဖခင်ကြီးက အတူတူပဲ မဟုတ်လား” ဟုပြောတာမျိုး

“ပန်းပဲမောင်တင့်တယ်ကရော.......ဘယ်သူလဲ” ဟု မေးတာမျိုးများ ကြားရလို့ကတော့ အဲဒီ နေ့ ရီမာကျော်နှင့်သူ့ယောက်ျား ကိုကိုဦးတို့ တစ်ပွဲတစ်လမ်း ရန်ဖြစ်ပြီသာမှတ်ပေတော့ပဲ။

“ပါးစပ်ကို ပိတ်ထားပါ၊ ရှင်ဘာတွေ လျှောက်မေးနေတာတုံး၊ မသိရင် မသိသလိုနေပါ။ ဆွေမျိုးစပ်တာမှားကုန်မှ ခက်ပေ့ဖြစ်ကုန်ပါ့မယ်။ အဲဒါကြောင့် အမေကပြောတာ၊ ရိုးရာကို မနှောက် ကောင်းဘူးနော်တဲ့” ဒီအခါမျိုးမှာ

ကိုကိုဦးကလည်း မခေပြန်ချေပသည်။

"ဟ.......မနောက်ပါဘူး၊ တကယ်မသိလို့ မေးနေတာပေါ့"

"ဘာမှမတော်ဘူး၊ ဘာမှမတော်ဘူး။ တစ်ဦးစီ အဲလေ.......တစ်ပါးစီ တစ်ပါးစီ။ အို....... မဖြစ်သေးပါဘူး၊ မနက်ဖြန် လက်ဖက်ဆက်မှဖြစ်မယ်.......လက်ဖက်ဆက်မှဖြစ်မယ်"

ရီမာကျော်က အဲသလောက် ရိုးရာကို ရိုသေကိုးကွယ်သူမို့ အခုလို လင်စုံမယားဖက် ဧည့်သည်လာတာမျိုးကို နည်းနည်းလေးမှ သည်းမခံနိုင်ပေ။ ပြီးတော့ ဧည့်သည်က ကိုယ့်အမျိုး ဖြစ်ဖို့ လမ်းမမြင်၊ ကိုယ့်အမျိုးဆို၍ မူးလို့တောင်ရှူစရာမရှိသည့်ဘ၀။

"ဟော.......အဲဒါ ကိုကိုဦးမိန်းမလေ ရီမာကျော်တဲ့၊ သမီးရေ.......အဲ့ဒါ အမေကြည်တူမ ချိုချိုဆိုတာပေါ့"

ကျဉ်းတဲ့တိုက်ခန်းဆိုတာ ဖိနပ်ချွတ်နဲ့ ဧည့်ခန်းကလည်း လက်တစ်ဖောင်စာပဲ ဝေးတာ မဟုတ်လား။ စွေ့ခနဲ ဧည့်ခန်းရောက်၊ ခင်းထားတဲ့ဖျာပေါ်ထိုင်ချလိုက်ရုံနဲ့ ဧည့်သည်နှင့် ရီမာကျော် တို့ နဖူးတိုက်ဒူးတိုက် တွေ့တော့မတတ် ကတ်ကတ်ဖွဲ့ဖွဲ့ ထိုင်ပေတော့ပဲ။

ဟုတ်ကဲ့.......ဩော်နဲ့ပဲ ဆွေမျိုးစပ်ကြရလေတော့သည်။ ယောက္ခမဖြစ်သူက အပြောလည်း ချို၊ အနေလည်းနွဲ့ပါသည်။ ချွေးမဖြစ်သော ရီမာကျော်လို မာဆတ်ဆတ်မဟုတ်၊ အခြေအနေကို လိမ်မာပါးနပ်စွာ မီးစင်ကြည့်ကတတ်လေသည်။ သူ့သားကိုကိုဦးနှင့် သူ့ချွေးမ ရီမာကျော်တို့ လင်မယား စကားများရန်ဖြစ်ထားပြီး စကားမပြောတာ နှစ်ရက်၊ သုံးရက်မကချိန်မှာ ထိုဧည့်သည် က ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာသည်။ ဆွေမျိုးရယ်လို့ တစ်ခါမှမမြင်ဖူးသည့် ယောင်းမဖြစ် နေသလို သူတို့ဆွေမျိုးချင်းတောင် မဆုံဖြစ်တာ မတွေ့ဖြစ်တာ အနှစ်နှစ်ဆယ်ကျော် ကြာပြီဆိုပါ လား။ ဘာပဲဖြစ်ဖြစ် ရီမာကျော့်မှာ

တာဝန်ရှိသည်။ အိမ်ရှင့်ဂတ္တာရားတော့ အစွမ်းကုန်ကျေပွန်ရမည် သာဖြစ်၏ ။ ဒါပေမဲ့ ခက်တာက ဒီလင်မယားကို ဘယ်မှာညသိပ်ရမလဲဆိုတဲ့အချက်က အရမ်းအရေးကြီးလေပြီ။

အခုအချိန်မှာ စကားမပြောဘဲ တင်းခံထားသည့်ယောကျ်ားကိုပဲ တဆွေးတန္ဒွေး အရေး ပေါ်စကား ပြောရတော့မည့်ကိန်းဆိုက်နေ၏ ။ အို.......ဘာလို့ပြောရမှာလဲ၊ ဒီကိစ္စ ကိုယ့်နည်းကိုယ့် ဟန်နှင့် ရှင်းမည်။

"ဧည့်သည်တွေ ထမင်းစားပြီးပြီလား အမေကြည်"

နောက်ဖေး ထမင်းစားခန်းဘက်ဝင်လိုက်လာသည့် အမေကြည်ကို အကျ‌ေလဲနေရင်းက တိုးတိုးလေးမေးတော့ ကျွေးပြီးပြီတဲ့။ တော်ပါသေးရဲ့ ဘာနဲ့ကျွေးလဲတော့ မမေးတော့ပါ။ အိမ်မှာ အမေကြည်က သူ့ဘာသာအဆင်ပြေသလို ချက်ကျွေးထားမှာသေချာပါသည်။ သားနှင့်ချွေးမကို အလိုလိုက်ရှာသလို မြေးတစ်ယောက်တည်းကို ထားစရာနေရာမရှိအောင်ချစ်ရှာသော ယေက္ခမကို တော့ ရီမာကျော်က ကြည်ဖြူသလို ချစ်လည်းချစ်ပါသည်။ ချွေးမနှင့်ယောက္ခမပေမယ့် ကွယ်ကွယ်ဂှက်ဂှက်မရှိကြ။ ချွေးမအထာကိုသိနေသော ယောက္ခမပီပီ ဧည့်ခန်းက သူ့ဆွေမျိုးမကြားအောင် တိုးတိုးလေး ပြောရှာလေ၏ ။

"သမီးရေ......ဘာမှစိတ်မပူနဲ့သိလား အမေကြည့်တူမ လင်မယားကို တစ်ယောက်စီခွဲသိပ် လိုက်မယ်၊ ချိုချို့ကိုအမေကြည်နဲ့အိပ်ခိုင်းပြီး သူ့ယောကျ်ားကို ကိုကိုဦးနဲ့ရုံးခန်းသွားအိပ်ခိုင်းလိုက် ရင် မကောင်းဘူးလားဟင်၊ တော်ကြာ ကိုကိုဦးလည်းပြန်ရောက်တော့မှာ အမေကြည် ဖုန်းဆက် ခေါ်ထားတယ်"

"ဒါဆိုလည်း ပြီးတာပါပဲ အမေကြည်ရယ်"

ကြိတ်ကြိတ်လေးကပ်ပြောရှာသော အမေကြည့်စကားကြားရမှ ရီမာကျော်အသက်ရှူဝ သွား၏ ။ တော်ပါသေးရဲ့ ဒီအစီအစဉ်ကောင်းလှပါသည်။

သူ့သားနဲ့ စကားမပြောပေမယ့် သူ့တူမ တွေကို ပစ်ပစ်ခါခါလုပ်မှာမဟုတ်ဘူးဆိုတာ အမေကြည်ကသိနေသည့်အတိုင်း ရီမာကျော်လည်း ရှေးဖြစ်ဟောင်း အောင်းမေ့ဖွယ်များကိုပြန်ပြောရင်း ဆွေမျိုးစပ်အလွမ်းသယ်ပွဲမှာ ညှော့သည်နှင့် အလွမ်းပေါင်းသင်းခဲ့ရလေ၏။

“ချိုကလေ.......ယောင်းမအကြောင်း ကြားနေတာကြာပြီ။ ချို့မောင်လေးက သိပ်လိမ်မာ တာမဟုတ်လား။ မောင်လေးကို ငယ်ငယ်က ချိုတို့ထိန်းလာတာ၊ ချိုတို့လက်ပေါ် ကြီးလာတာလေ၊ မောင်လေးကို ချိုတို့ဖေဖေက သိပ်ချစ်တာ၊ ချို့ဖေဖေက အမေကြည်ရဲ့ အထက်ကလေ အစ်ကို ပေ့ါ၊ ချိုတို့မြို့လည်း လာလည်နော် ယောင်းမ၊ ချိုတို့က ခင်တတ်တယ်သိလား၊ ချိုတို့နယ်ရောက် လို့ကတော့ ရှယ်ပြုစုမယ် စိတ်ချလာလည်ရမယ်နော်”

“ဟုတ်ကဲ့.......ဟုတ်ကဲ့”

အပြောချိုသလောက် အမူအရာတွေလည်းချို၊ ရုပ်ရည်လည်း ချိုမြသော ချိုချိုကို ထိုနေ့က သိပ်မရောထွေးမိပေမယ့် လိုက်လိုက်လျောလျော စကားပြောနိုင်ခဲ့သေး၏။ ဒါတောင်မှ သွားကိုက် နေ၍ တစ်ချက်ခက် သူရယ်စရာပြောပေမယ့် ကိုယ်မရယ်နိုင်ခဲ့၏။ တအင်းအင်းလိုက်လုပ်နေ၍ ယောကျ်ားက သူ့ကိုမကျေနပ်တုန်းပဲဟုမှတ်ကာ -

“လာ.......မမချိုတို့နှစ်ယောက်လုံး ကျွန်တော့်ရုံးခန်းမှာ လိုက်အိပ်ကြ၊ ဒါမှ စကားအကြာ ကြီးပြောရမှာ။ ဟိုဖက်ရပ်ကွက်က ညလုံးပေါက် လက်ဖက်ရည်ဆိုင်ဖွင့်တယ်၊ ဒီည အပ်ထားတဲ့ အလုပ်တွေလည်း လုပ်စရာရှိတာနဲ့ အတော်ပဲ”

လူစုခွဲနည်းအတတ်ပညာကို ကိုကိုဦးလှလှပပ သုံးလိုက်၏။

“ဟုတ်လား၊ အို.......လိုက်မယ် လိုက်မယ် မောင်လေးရေ၊ မမချိုတိုပက ကိုယ့်မောင်လေး ကို သိပ်စကားပြောချင်တာ အတော်ပဲယောင်းမရေ.......

ဟိုဖက်လိုက်အိပ်မယ်နော်”

“ကောင်းတာပေ့ါ၊ ဟိုမှာ ကျယ်ကျယ်ဝန်းဝန်းအိပ်ရမယ်၊ ဒီမှာ အခန်းကျဉ်းတော့ အားနာ တယ်”

ဘယ်သူက ဘယ်လိုအကွက်ချသည်မသိပေမယ့် ကျေနပ်သွားသူထဲမှာ ရီမာကျော် ထိပ်ဆုံးကပဲဖြစ်လေ၏ ။ သူတို့ကို အိမ်ဦးခန်းသိပ်လို့ကလည်း မဖြစ်၊ တည်းခိုခန်းပို့လို့ကလည်း ရိုင်းမှာစိုး၊ ဟိုတယ်သွားတည်းကြပါလို့လည်း အာမမခံနိုင်။ ကိုယ်တောင် ဟိုတယ်မှာ ညအိပ် မတည်းဖူးပဲနဲ့။ ဟိုတယ်တစ်ညစာက ကိုယ့်အိမ်စရိတ် ဆယ်ရက်စာလောက်ရှိတာဆိုလား ကြားဖူး တာပဲ။ အခုလို ဘယ်ဖက်က ဦးဦးအလုပ်ခန်းသွားအိပ်ကြမည်ဆိုသည့် စကားကြားရတာ အကောင်းဆုံးပင်။ အလုပ်ခန်းမှာက ဘုရားစင်ပဲရှိသည်။ ဘုရားခန်းမှာတော့ အိပ်လို့မရတာ သေချာ၏ ။ အခြေအနေကို လှလှပပဖြေရှင်းသွားသည့်ယောကျ်ားကို စိတ်ထဲကဖြင့် လှမ်းထောပနာ ပြုမိ၏ ။ အတော်ကြီးလည်း ဂမ်းသာနေမိ၏ ။

“ဘာလဲ.......ကျုပ် ကြောက်နေမှန်း ရှင်သိလို့မဟုတ်လား။ ရှင့်ကို ပြောပြီးသားလေ၊ အိမ်ဦးခန်းမှာ လင်မယားစုံတွဲ မသိပ်ကောင်းဘူးလို့၊ ဒီလောက်တော့ ကိုယ့်ယောကျ်ားက အလိုက် သိရှာသားပဲ။ ပြန်တောင်ခေါ်ချင်ပြီ ယောကျ်ားရေ”

သည်လိုဖြစ်မလာလို့ကတော့ ဒီည ရီမာကျော် နှလုံးရောဂါရမှာ သေချာလေ၏ ။

*

“ဘာ.......သူတို့လင်မယားက နှလုံးရောဂါသည် ဟုတ်လား”

“တိုးတိုးပြောစမ်းပါ မိန်းမရာ၊ ကိုယ်ပြောတဲ့ နှလုံးဆိုတာ နှလုံး.......သုံးလုံး....... တစ်လုံးတွေကို ပြောတာ”

“တစ်လုံး”

ဘာလဲ တစ်လုံး ကြားတောင်မကြားဖူးဘူး။

ညှော့သည်စုံတွဲက မနက်ဆိုထွက်သွားလိုက်၊ ညနေဆို ပြန်ရောက်လာလိုက်၊ ညဆို သူတို့ လုပ်ငန်းကိစ္စတွေပြောပြလိုက်၊ အဆင်ပြေတာ အဆင်မပြေတာတွေပြော ရန်ကုန်က ဟိုဖက် ဆွေမျိုး သည်ဖက်ဆွေမျိုးတွေအကြောင်းက စကားဖောင်ဖောင်ပြောတတ်သည့် ချိုချို့ဆီမှ အားရ ပါးရ ကြားလာရသောရက် ငါးရက်လောက်ဖြစ်လာသောအခါ ရီမာကျော် သွားတော်တော်ကိုက်လာ ပါတော့၏ ။ တကယ် သွားကိုက်တာပါ။

သွားကိုက်နေသော ရီမာကျော့်ခမျာ မခေါ်ချင့်ခေါ်ချင်နှင့် ယောကျာ်းဖြစ်သူနှင့် ပြန်ခေါ်ရ လေတော့သည်။ ရော့.......ဆေးသောက်၊ ရော့.......ဆန်ပြုတ်သောက်လေ ဆားပြုတ်ရည် ငုံထား ပါလားမိန်းမရာနှင့် ရောသောပေါသော စကားပြောရင်းမှ မသိမသာပြန်ခေါ်ချိန်မှာတော့ သွားကိုက် ၍ မျက်နှာရှုံ့မဲ့နေသည့်ကြားမှ ရီမာကျော် မရရအောင်မေးမိတော့၏ ။

“သူတို့က ရန်ကုန်ကို ဘာလာလုပ်တာလဲ”

ဗလုံးဗထွေးပြောပေမယ့် ရီမာကျော်ဘာပြောသည်ကိုတော့ ကိုကိုဦးက ရိပ်မိ၏ ။ “နှလုံး ရောဂါသည်တွေပေ့ါကွာ” ဟု အသံအုပ်အုပ်ပြောတာကို အလန့်တကြားထအော်မိတာ ရီမာကျော်၊ ပြီးမှ အားခနဲတစ်ချက်အော်ကာ သွားဖုံးရောင်နေရုံမက ပါးပါရောင်နေသောနေရာကို လက်ဖြင့် ဖွဖွလေးအုပ်ကာ တစ်တောင်လောက်ဝေးသောညှော့ခန်းမှ ပန်ကန်ဆေးတဲ့နောက်ဖေးဖက် ပြေး ထွက်ခဲ့ရ၏ ။

တော်သေးတာ အမေကြည်နဲ့ သားဖြစ်သူက တီဗီကြည့်နေကြ၏ ။ ညှော့သည်တွေက တယ်လီဖုန်းဆက်နေကြ၏ ။ ရီမာကျော်ခမျာ မောရိယမန်းဆေးတွေ လူးထားသောကြောင့် ပါးတစ် ဖက်ကလည်း ရောင်နေ

သွားကလည်း ကိုက်နေ၊ ခေါင်းကလည်း ကိုက်နေသည့်ကြားမှ နှလုံး ရောဂါနှင့် လာတွေ့သောအခါ အတော်ကြီးငိုချင်သွားလေ၏ ။

"တစ်လုံးဆိုတာ ဘောလုံးပွဲလောင်းတာပြောတာ ပုံကြည့်လိုက်တော့လည်းပုံလည်းပေါက်နဲ့ ငတုံး၊ ဘာမှကိုမသိဘူး။ ချိုချိုတို့က သူတို့မှာ ဟိုကြွေးသည်ကြွေးတွေရှိလို့ ထင်တာပဲ။ ရန်ကုန်မှာ သောင်တင်နေတာ။ အရင်တုန်းက ဒီလိုမဟုတ်ဘူး။ သူ့ယောကျ်ားက သိပ်ချမ်းသာတာ။ သူ့မြို့မှာ မြို့မျက်နှာဖုံး အခုဘာဖြစ်သွားလဲ မသိဘူး"

ယုံပါသည်။ မနေ့က ရုံးဆင်းပြန်လာတော့ သွားကိုက်စပြုနေပါပြီ။ သွားဆေးခန်းမဝင်မိဘဲ အိမ်ပြန်ရောက်လာမှ သွားတဖြည်းဖြည်းကိုက်လာချိန်မှာ ချိုချို့ကိုတွေ့လိုက်တော့ စိတ်ထဲက "ဟင်.......မပြန်ကြသေးဘူးလား" ဟု မေးမိသွား၏ ။ အခုကျမှ မထူးတော့ပါ။ အမေကြည့်ခမျာ ရီမာကျော်ကို အတော်ကြီးအားနာနေရှာလေပြီ။ သည်တော့ ရီမာကျော်ကပဲ အလိုက်တသိ သွားကိုက်တာအောင့်ပြီး တဟင်းဟင်းတဟဲဟဲနှင့် စားပြီးပြီလား၊ ရေချိုးလေ၊ ချိုချို့အသားလေးတွေ ဝင်းအိနေတာပဲ၊ ငယ်ငယ်က တော်တော်ချောမှာပဲ၊ အခုတောင် ချောတုန်း အသားအရေတော် တော်စိုပြည်တယ်နော်၊ နယ်မြို့မှာနေပေမယ့် နေပူမိပုံမရဘူး၊ အရိပ်ထဲမှာ ဇိမ်နဲ့နေရတယ်ထင် တယ်ဆိုတာတွေကို တစ်ရက်ခြားပြောနေကျအတိုင်း ပြောရပြန်၏ ။

ထို့အတူ ချို့ချို့ဖက်ကလည်း သူမတို့တစ်ချိန်က ရွှေထီးဆောင်းခဲ့ရသည်များကို ရီမာကျော် အားကျအောင် မစားရဝခမန်းပြောနေပြန်၏ ။ ကြားရတာ အားကျစရာကြီးများဖြစ်နေမလား။

"သိလားရီမာ၊ ချိုငယ်ငယ်ကဆို သိပ်စိတ်ကောက်တတ်တာ၊ ချို့ယောက္ခမက သိပ်ချမ်း သာတာ။ ထမင်းဆို ချက်စရာကိုမလိုဘူး၊ အလိုလည်းလိုက်တယ်၊ ချစ်လည်းချစ်တယ်။ ဒါတောင် ချိုက ဗိုလ်ကျတယ်၊ ချို့ကိုဆို စိန်နားကပ်တွေ စိန်လက်ကောက်တွေ ဆင်တာ။ အို ရွှေဆို

တံတောင်ဆစ်ရောက်မတတ်ဘဲ၊ ချို့အတွက် အားလုံး ဝတ်ဖူး စားဖူးပြီးပါပြီ၊ ဘာမှမလိုတော့ပါဘူး။ ဒီမှာ ရစရာလေးတွေရှိတာ မပြတ်လို့နေနေရတာ ၊ ရီမာ့ကို အားတောင်နာနေပြီသိလား”

သိလား.......သိလားတွေကို ရီမာကျော်က လုံးဂမသိရှာပေ။

“ရီမာတို့အခန်းက ကျဉ်းတယ်နော်။ ပြောတယ် ချို့အမျိုးသားက သူ့အမျိုးတွေရှိတဲ့ သုဂဏ္ဍာ မှာတည်းဖို့ မတည်းချင်ပါဘူးလို့၊ ချို့အမျိုးဖက်ပဲတည်းမယ်ဆိုပြီး ဇွတ်တည်းရတာ ၊ အို.......ကိစ္စ မရှိဘူး၊ ချို့တို့ကိုအားမနာနဲ့ လောကဓံကိုခံနိုင်နေပြီ။ နေဦး ခြံနဲ့ဝန်းနဲ့ မနေချင်ဘူးလား။ အဆင်ပြေ လို့ကတော့ ချို့အမျိုးတွေကို သိန်းတစ်ထောင်တန် ခြံတစ်ခြံလောက်ဝယ်ပေးမယ် သိလား။ နယ်မှာ က ကိုယ့်ခြံကိုယ့်ဝန်းနဲ့ နေကြတာ”

ဘုရားရေလို့သာ တိမိတော့၏ ။ သွားတဆစ်ဆစ်ကိုက်နေတဲ့ကြားမှ သိန်းတစ်ထောင် ဆိုတာကြီး ဗြုန်းခနဲကြားလိုက်တော့ -

“ဟင်.......ဘယ်ကပိုက်ဆံနဲ့ ဝယ်မှာလဲ” ဟု မေးဖြစ်အောင်မေးလိုက်မိလေ၏ ။ ရီမာကျော် ထိတ်ခနဲဖြစ်သွားတာ အမှန်။ ချိုချိုနောက်ပြောနေပုံမရ။ တကယ့်ကို အင်နှင့်အားနှင့် ပြောနေ၏ ။

“ချို့တို့မှာ ရစရာတွေရှိတယ်၊ အခုလောလောဆယ်သာ အဆင်မပြေသေးတာပါ၊ စိတ်ချ ချို ဝယ်ပေးနိုင်မှာ”

“ဟာ.......တော်ပြီ.......တော်ပြီ၊ ကိုယ့်မိသားစုနဲ့ကိုယ် ဒီအခန်းလောက်နဲ့ရတယ် မဝယ်ပေး နဲ့၊ ကိုယ့်ဘာသာကိုယ် ဝယ်စမ်းပါ”

သွားကိုက်တယ်ဆိုတာ.......စိတ်ခံစားမှုတစ်မျိုးဟု သွားဆရာဝန်တစ်ချို့က မှတ်ချက်ချဖူး သည်။ ကျန်းမာရေးစာအုပ်တွေမှာလည်း ပါသလိုပဲ။ အခုမှ ပိုကိုက်လာ၏ ။

ကြွေးကြောက်သူပီပီ တစ်ဖက်က ပါးစပ်နဲ့ဝယ်ပေးနေချိန်မှာတောင် ပါးစပ်နဲ့ "ကောင်း တာပေါ့" တစ်လုံးတောင်မပြောမိခဲ့။ စိတ်ထဲမှာလည်း ဝမ်းမသာနိုင်ဘဲ လန့်တော့လန့်မိတာ အမှန် ပင်။ ဘယ့်နှယ့် သိန်းရာထောင်ဂဏန်းတွေ ဒီလို လွယ်လွယ်ပြော လွယ်လွယ်ဝတ်နိုင်တဲ့ လူတန်းစားရှိသေးလား၊ ပိုက်ဆံတွေ တွင်းထဲကနိုက်……နိုက်……အဲ……ဒါဆို ရေနံတွင်းသူဌေးတို့၊ ကျောက်တွင်းသူဌေးတို့ရဲ့ အစွယ်တော်တွေဖြစ်မှာပေါ့။ တစ်ချိန်က ကျိုကျိုတက်ချမ်းသာခဲ့ပုံရလိမ့် မည်။ ဒီခေတ်မှာ ဘာမို့လို့ ဒီလောက်ချမ်းသာနိုင်မှာလဲ။

ရီမာကျော် တစ်ခုတွေးမိသည်။ ပြီးခဲ့တဲ့တစ်ပတ်က ဂျာနယ်တစ်စောင်ရဲ့ ဗေဒင်ဟောစာ တမ်းမှာ -

"မမျှော်လင့်ဘဲ အိမ်၊ ခြံ ဝင်တတ်သည်။ ကြီးစွာသောအမွေမျိုး ရတတ်သည်။ အဝေးမှ စောင့်ရှောက်မည့်သူ ပေါ်လာနိုင်သည်"

ဟူသော စာတစ်ပိုဒ်အတိုင်း မှန်နေလေပြီလား။ ထိုအကြောင်း ရယ်မောပြီး "ရိုးရာမတာ ထင်တယ်" ဟု ကိုကိုဦးကို ပြန်ပြောပြတော့ အော်ရယ်သည်။

"ဘာရိုးရာမှ မမဘူး။ နှလုံးရောဂါမတာ ဖြစ်မယ်"

ထိုအကြောင်းကိုပဲ အမေကြည့်ပြောပြတော့ -

"အိမ်တွင်းအဖေကြီး မ တာထင်တယ်၊ ကိုယ်က ရိုသေတာကိုး၊ ဒီတော့ ကိုယ့်မိရိုးဖလာ ကလည်း ပြန်စောင့်ရှောက်တာဖြစ်ရမယ်"

အမေကြည်ကတောင် ထို့အတွက် မှတ်ချက်ပြောချိန်မှာ ချိုချိုတို့ပြန်သွားကြလေပြီ။ မောင်နှမသံယောဇဉ်နှင့် ကျေးဇူးတို့အတွက် နှမ်းတစ်စေ့၊ စပါးတစ်စေ့စာ ကြေလို့ကြေငြာ ကိုယ့် ချွေးနည်းစာထဲမှ ငွေသုံးသောင်းကန်တော့လိုက်ကြသေးတော့ ချိုချို့ခမျာ မျက်ရည်ဝဲမတတ်

ကြည်နူးသွားရှာလေသည်။

လောလောဆယ် သူ့သိန်းတစ်ထောင်ထက် ကိုယ့်ငွေသုံးသောင်းက အဖိုးတန်နေခဲ့မှာ သေချာသလောက်ပါပဲဟု ရီမာကျော်ဘက်ကလည်း ပီတိဖြစ်နေတာမှ နှစ်ရက်မဆိုင်း ရီမာကျော့် အမေနှင့် ကိုကိုဦးအမေတို့က ထိုပီတိကို ဖျောက်ပစ်လိုက်လေတော့၏ ။

*

"ဘုရား.......ဘုရား၊ အိမ်တွင်းအရှင်ကြီး အမိုက်အမဲလေးတွေမို့ ဗွေမယူနဲ့ ခွင့်လွှတ်တော် မူပါ။ အိမ်တွင်းအဖေကြီးကို အမြဲရိုသေပါတယ်၊ တနင်္လာသားနဲ့ ဗုဒ္ဓဟူးသမီး မိသားစုတို့က အမြဲ ရိုသေလေးစားလျက်ပါ၊ အတွင်းရန်များ အပြင်ကိုရောက်စေပြီး အပြင်ရန်များ ဤအိမ်အတွင်းသို့ မရောက်ရှိအောင် စောင့်ရှောက်ပေးတော်မူပါ၊ အခုလို နေရာအပြောင်းအလဲဖြစ်သွားတာ တပည့် တော်မတို့ မသိလိုက်ပါဘူး၊ ခွင့်လွှတ်ပါ.......အိမ်တွင်းအဖေကြီး"

"လက်ဖက်များ၊ ပန်းများ၊ အမွှေးနံ့သာများနဲ့ ဆက်ကပ်ပါတယ်၊ အိမ်တွင်းအဖေကြီး စောင့် ရှောက်တော်မူပါ။ အမြဲရိုသေလေးစားတဲ့ မိသားစပါပါ၊ ကလေးတွေ မသိနားမလည်တာ ခွင့်လွှတ် ပါ။"

ထိတ်ထိတ်လန့်လန့်ဖြစ်ရုံမက ပါးစပ်ကလည်း တတွတ်တွတ်နှင့် တောင်းပန်မဆုံးဖြစ်နေ သော အမေနှစ်ယောက်ကို အားနာလိုက်တာမှ အရမ်းပါပဲဟု ရီမာကျော့်စိတ်ထဲမှ ပြောနေမိ၏ ။ ကြည့်စမ်းပါဦးတော့ကွယ်၊ အိမ်တွင်းစင်ရှေ့မှာ ရီမာကျော့်အမေက ယပ်သွင်းပြီး အမေကြည်က ထိုင်ကန်တော့နေ၏ ။ ပန်းနှင့်လက်ဖက်ပွဲကို အမေကမြှောက်သည်။ သေသေချာချာ တောင်းပန် သည်။

ထိုအချိန်မှာ ကိုကိုဦးနှင့် ရီမာကျော်က မျက်နှာငယ်လေးတွေနှင့်

အိမ်တွင်းစင်ရှေ့မှာ လက် အုပ်ကလေးတွေချီလို့ပေါ့။

ချီရပေမပေါ့၊ ဖြစ်ပုံက ဒီလိုပါ-

“အမေလေး.......ကြည်ကြည်ရေ လာပါဦး၊ နတ်အုန်းသီး ဘယ်လိုကြောင့် အပြင်ဘက် အညာလှည့်နေရတာ လဲ”

နေ့တိုင်း အိမ်လာတတ်သည့် အမေ့အော်သံကြောင့် တစ်အိမ်သားလုံး နတ်စင်နားပြေး ရောက်သွားကြ၏ ။ “ဟင်.......ဟုတ်ပါရဲ့ ဘာဖြစ်တာလဲအမေ” အသံတိတ်သွားကြ၏ ။ တစ်ခါမှ မကြုံဖူးသည့်မြင်ကွင်း။ ရိုးရာကိုးကွယ်လာတာ အမေမှာတဲ့အတိုင်း အိမ်တွင်းအုန်းဆွဲထားတာ၊ အိမ်တွင်းခန်းဖက် အညာထားရသည်ကို ပုံသေနည်း သတ်မှတ်ထားသည်လေ။

“အညာအပြင်မှာထားရင် ဘာဖြစ်လဲမမ” ဟု အမေကြည်ခများ တုန်တုန်ရီရီနှင့် အမေ့ကို မေးရာ၏ ။ အမေကလည်း အတော်ကြီး ကြောက်လန့်တကြားနှင့် -

“ဘာဖြစ်ရမှာလဲ ကြည်ကြည်ရယ်.......ကိုယ့်အိမ်စီးပွား အပြင်ထွက်တာပေါ့၊ တို့အယူအဆ ကတော့ စီးပွားလာဘ်လာဘရရင် အပြင်မရောက်ရအောင် စီးပွားတိုးတက်အောင်.......ကျန်းမာ ရေး၊ လူမှုရေးအတွက် ထားကြတာ၊ ဒါထုံးစံပဲ ဘယ်လိုကဘယ်လို ဘယ်သူလှည့်တာလဲ”

“ဟာ.......ရီမာတို့ ထိတောင်မထိဘူး”

“ကျွန်တော်က ပိုတောင်ဆိုးသေးတယ်၊ ဘာမှကိုနားမလည်လို့ အနားတောင်မကပ်ဘူး”

ကိုကိုဦးစကားကြားမှ ရီမာကျော်ဒေါပွသွား၏ ။ ဖြုန်းခနဲ စိတ်ထဲပေါ်လာတာ ချိုချို့မျက်နှာ ကြီး၊ ဒီအိမ်မှာ ဘယ်ဧည့်သည်မှ လာတာမဟုတ်၊ တစ်ချိန်လုံး တစ်နေ့လုံး ဘယ်သူမှလာမနေ၊ မထင်ကောင်း.......ထင်ကောင်း။

ဒါကြောင့် လွှတ်ခနဲပြောမိတာ၊ ရီမာကျော့်မှာ အပြစ်ရှိသလား။

"ချိုချိုကြည့်ရတာ လျှင်ပုံလည်ပုံ ပေါက်တယ်နော် သိပ်တော့ နုံနုံအအရုပ် မဟုတ်ဘူးနော်"

"ဟိုကလည်း ပြောသွားပါတယ်၊ ရီမာကျော်ပုံစံက သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ဘဲ ကျမယ့် ရုပ်တဲ့"

မခံချင်အောင်ပြောသည့် ကိုကိုဦးကျောကုန်းကို ထိုနေ့က အုန်းခနဲထကုံအပြင် အော်ရယ် နေသော ကိုယ့်ယောက်ျားကို စိတ်ဆိုးရကောင်းမှန်းမသိခဲ့။ အခုတော့ ဆိုးလိုက်သည့်စိတ်ဆိုတာ ရင်ထဲအသည်းထဲ ပြောင်းဆန်မတတ်ပါပဲ။

"ကိုင်း.......ပြောဦးလေ၊ ကျုပ်ကို သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ပဲကျသလေးဘာလေးနဲ့၊ ရှင့်အစ်မကမှ ခုနစ်ဆယ့်လေးမင်းလောက် ပန်းမကိုင်ဘဲကျတဲ့ရုပ်သိလား.......သိလား။ အခု ပြန် တောင်းပန်၊ အိမ်တွင်းဖခင်ကြီးကို လာတောင်းပန်လှည့်"

ကြောက်တတ်သော အမေနှင့်ယောက္ခမအပြင် လန့်တတ်သော မိန်းမဖြစ်သူကြောင့် ကိုကိုဦး စိတ်အတော်ကြီးရှုပ်ထွေးသွားကာ တစ်အိမ်လုံး တန်းစီလက်အုပ်ချီသလို သူပါရောလက် အုပ်ချီကန်တော့လိုက်ရလေတော့၏ ။

ထိုအဖြစ်အပျက်ဖြစ်ပြီး တစ်လမျှကြာသောအခါ ကိုကိုဦးနှင့်ရီမာကျော်တို့ အထက်ဖက်မြို့ တစ်မြို့ဆီ အလှူတစ်ခုဖြင့် ရောက်သွားကြလေ၏ ။ ဆယ်စုနှစ်မက မရောက်တာကြာပြီဖြစ်သော မန္တလေးသို့လည်းရောက်သည်။ သူငယ်ချင်းမိတ်ဆွေတွေဆီ ဝင်လည်ပြီး သူငယ်ချင်းတစ်ယောက် နေသော တောင်မြို့ဘက်သို့ လိုက်သွားခဲ့၏ ။ ခြေတံရှည်သစ်သား ပျဉ်ထောင်အိမ်လေးက ချစ်စရာ ကောင်းသလို နွားနို့ပူပူတိုက်တော့လည်း မလိုင်နှစ်တွေက အရသာရှိလှ၏ ။

ရောကလေးရာအိမ်မှာ ဘုရားစင်တွေ့ရင် ရှိခိုးတတ်သော ရီမာကျော့်ထုံးစံအတိုင်း ကိုကိုဦး သူငယ်ချင်းအိမ်က ဘုရားစင်ကို သပ္ပာယ်စွာတွေ့တော့ အားရပါးရထိုင်ရှိခိုးပြီး မော့အကြည့် ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် ဟင်ခနဲဖြစ်သွား၏။

အဲဒီ အိမ်က အိမ်တွင်းစင်မှာထားသည့် နတ်အုန်းသီးအညှာက အိမ်ရှေ့ဘက်လှည့်လို့ပါ လား။

“အစ်မ.......အစ်မ.......ဒီအိမ်တွင်းအုန်းက ဘာဖြစ်လို့ အိမ်ရှေကဘက်အညှာလှည့်ထား တာလဲ”

ဘယ်လိုမှစိတ်မထိန်းနိုင်ဘဲ အားနာရကောင်းမှန်းမသိစွာဘဲ အိမ်ရှင်အစ်မကို မေးမိလေ၏။ ရီမာကျော်ရော ကိုကိုဦးပါ အလွန်အမင်းစိုးရိမ်ကြောင့်ကြခဲ့ရသော တအုံ့နွေးနွေးကိစ္စကြီးက ဘွား ခနဲပေါ်လာသော ဖြစ်ရပ်မှန်နှယ်။

“ဘာလဲ ရန်ကုန်မှာ အိမ်ခန်းဘက် အုန်းသီးအညှာလှည့်တယ် မဟုတ်လား၊ အစ်မတို့က လည်း ရန်ကုန်ကပြောင်းလာတာဆိုတော့ သိတယ်၊ ဒါပေမဲ့ ဒီမှာ နတ်ကတော်က ဒီဒေသဘက်မှာ ဒီလိုပဲထားရတယ်ဆိုလို့ ထားတာ၊ ဒီဘက်က ရိုးရာဓလေ့ပေါ့ ညီမရယ်”

“ဒါဖြင့်.......ဒါဖြင့်.......စီးပွားရေးတွေ ဘာတွေရော ကောင်းလား”

“ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ”

“ဟင့်အင်း ဘာမှမဖြစ်ပါဘူး”

ကိုကိုဦးနှင့်ရီမာကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အားရပါးရပြုံးမိကြ ၏။

ရင်ထဲကပဟေဠိတစ်ပုဒ် အဖြေထွက်သွားသလိုပါပဲ။

စေတနာလောကွတ်ချော်ပြီး သူ့ဒေသ ဓလေ့ကို ကိုယ့်ဒေသဓလေ့နှင့် ပြင်ဆင်ပြောင်းလဲပေးသွားသော ချိုချို့စေတနာသည် အိမ်ရှင်ခွင့် မတောင်းဘဲ ပြုမိ၍ ထင်မိယောင်မှားနှင့် ဒေါမနဿပွား သောကများခဲ့ရသော ရီမာကျော်တို့ မိသားစုအဖြစ်ကို ချိုချိုကတော့ သိမည်မထင်ပါ။

"အုန်းသီးအညှာတွေက အင်တာနာတိုင်လို လျှောက်လှည့်နေတာ အိမ်တွင်းဖခင်ကြီးက ခွင့်လွှတ်တာပဲလား"

"တော်ပါတော့.......လျှောက်နှောက်မနေနဲ့ ယောက်ျား"

ချိုချို့ရည်ရွယ်ချက်အမှန်က ဘယ်လိုဆိုတာ ချိုချိုသာသိလိမ့်မည်ဆိုသော်လည်း ချိုချို့ အပေါ် အာဃာတကြီးစွာ ဒေါသဖြစ်နေဆဲ ရီမာကျော့်ဒေါသအပေါင်းသည် ကောင်းကင်မှ မြေကြီး တိုင်ပြုတ်ကျသွားခဲ့လေတော့၏ ။ တော်ပါသေးရဲ့ ရိုးရာကယ်ပေလို့သာပေါ့။

အိမ်ပြန်ရောက်လျှင်ဖြင့် အမေစိတ်ချမ်းသာအောင် စကားလက်ဆောင် ပါးပေတော့မည် လေ။

"အမေရေ.......သူ့ဓလေ့ သူ့ရိုးရာရှိတယ်တဲ့၊ ဘာမှမကြောက်နဲ့၊ အိမ်တွင်းဖေကြီးက ခွင့်လွှတ်တယ် သိလား"

ဟုပြောရင်းနှင့် ဇာတ်လမ်းအစုံကို နတ်သံနှောပြောပြလိုက်ရပေတော့မည်။

(ပန်းအလင်္ကာမဂ္ဂဇင်း၊ ၂၀၀၈၊ နိုဝင်ဘာလ)

အပေးအယူ

ဖုန်းထဲမှ ဗလုံးဗထွေးပြောသံ၏ အဆုံးသတ်မှာ “အန်တီလေး ရှင်းမှရမယ်သိလား၊ သူတို့က လျှော်ခိုင်းနေတာ” နှင့်ပင် ပြီးသွား၏ ။ အလုပ်တွေများပြီး စိတ်ရှုပ်ထွေးစရာများနှင့် လုံးပမ်းနေမိ သော စက်တင်ဘာနောက်ဆုံးရက်များကို ကျွန်မဘယ်လိုကုန်ဆုံးစေချင်းမှန်း မသိကာမှပင် ထပ်ပြီး စိတ်ရှုပ်စရာအကြောင်းက ဖန်လာပြန်ပါသည်။ ထိုနေ့က ကျွန်မ ရန်ကုန်မြို့ထဲ၌ ရှိနေပြီး ကားလမ်းတွေပိတ်၍ အလုပ်ခန်းသို့အပြန်နောက်ကျပါသည်။ အလုပ်ခန်းရောက်ရောက်ချင်း ကျွန်မ ကိုစောင့်နေရှာသော ကလေးတွေမျက်နှာက ဇီးရွက်ထက်ပင် သေးငယ်နေတော့၏ ။ ဘာဖြစ်တာ လဲဟုမမေးသေးခင် အရင်အမောဖြေပြီးမှ နေ့ခင်းက ဖုန်းဇာတ်လမ်းကို ပြန်ဆက်ခိုင်းလိုက်ရ၏ ။

“ချုပ်တဲ့အကျႌက ပုံစံပျက်သွားလို့ လျှော်ခိုင်းတာလား သမီး၊ အန်တီ ဇာတ်ရည်လည်အောင် ရှင်းကြစမ်း၊ ဖုန်းနဲ့ပြောနေတာ သိပ်မရှင်းဘူး”

ကျွန်မ မမေးခင်ကပင် ပြောချင်လှပြီဖြစ်သော ကျွန်မတူမလေးက ဆိုင်ထဲမှ ဘယ်သူမှစ မပြောခင် သူက ဦးဆောင်ရှင်းပြပေးပါလေသည်။

“ဟိုနေ့ကအပ်သွားတဲ့ ပိုးထည်တွေ အန်တီလေးရယ်၊ ချုပ်တဲ့ပုံလည်း ကြိုက်တယ်၊ သူတို့ အပ်တဲ့ဒီဇိုင်းလည်းမှန်တယ်၊ ချုပ်ခလည်းမပြောဘူး။ ဒါပေမဲ့ အစက သူတို့အပ်တုန်းက ဒီလို မဟုတ်ဘူးတဲ့”

အဲဒီ ဒါပေမဲ့က စတာပါပဲ.......

ကျွန်မ ဒီလုပ်ငန်းကိုစလုပ်တာ တစ်လပဲရှိပါသေးသည်။ ငယ်ငယ်ကတည်းက အထည်စ တွေကိုစိတ်ဝင်စားတာ၊ အကျႌချုပ်တာ ဝါသနာပါတာမို့ အထည်ဒီဇိုင်းတွေကို စိတ်ကူးနှင့်ဆွဲခဲ့တာ လည်း အကြိမ်ကြိမ်။ လုပ်ငန်းတစ်ခုလုပ်မည်ဆိုတော့ ကိုယ့်ဝါသနာနှင့်တူ၊ စိတ်တူကိုယ်တူ ညီမ

ဘရဏီနှင့် အလုပ်တွဲလုပ်ဖြစ်သည်။ အလုပ်တစ်ခုလုပ်ပြီဆိုလျှင် အစပိုင်းမှာ အခက်အခဲလေးတွေ ရှိမှာပဲ။ ထိုအခက်အခဲလေးတွေကို ကျွန်မတို့ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်မယ်ဆိုတာတောင် ညှိနှိုင်း တိုင်ပင်ပြီးသား။

ဒါပေမဲ့.......အဲ့ဒီ အခက်အခဲထဲမှာ ကိုယ်လာအပ်တဲ့ အထည်စက ဖြစ်ပေါ်လာတဲ့ပြောင်းလဲ မှုကို အကျ‌ချုပ်တဲ့ဒီဇိုင်နာဆီမှာ လျော်ကြေးလာတောင်းမယ်ဆိုတာ မတွေးခဲ့မိပေ။

"ဘယ်လို.......ဘယ်လို၊ အထည်စပေါ်မှာ ဖောင်းကြွလေးတွေပေါ်နေလို့ ပြန်လျော်ရမယ် ဟုတ်လား"

ကျွန်မ နားကိုမလည်နိုင်ပါ။ ပိုးထည်ဆိုတာ ပိုးထည်ရဲ့သဘာဂအတိုင်းပဲလေ၊ ဘာများ ထူးဆန်းလို့လဲ။

"သူတို့ဝယ်လာတုန်းက ဒီလိုမဖောင်းဘူးတဲ့။ ချုပ်ပြီးမှ မီးပူတိုက်လိုက်လို့ ဖြစ်တာတဲ့၊ ရေထိ လို့တဲ့၊ သမီးတို့က မီးပူမတိုက်ဘဲချုပ်လို့ရတဲ့အကျ‌ဆိုတာ မရှိပါဘူး။ အထည်ကိုက ဒီလိုအမျိုး အစားပါ၊ ပိုးထည်ဆိုတာ ကောင်းလေ ဒီလိုဖြစ်ပါတယ်ဆိုတာကို ပြောလို့မရဘူး။ ရေလည်း မထိရ ပါဘူး။ ရေထိလည်း ဒီလိုမဖြစ်တဲ့အထည်ပါ၊ ဒါ နဂိုအသားပါဆိုတာ ပြောပြရှင်းပြလို့မရဘူး။ အတင်းလျော်ပေးရမယ်တဲ့ အန်တီလေးနဲ့ပဲ ရှင်းမယ်တဲ့"

ဘုရားရေ....... ဒီလိုကိစ္စမျိုးရှိသလား၊ ကျွန်မ ပိုးထည်ကို ယူကြည့်သည်။ ပိုးသားချည်သား တွေက အဝေးကကြည့်လျှင် ဖောင်းစစလေးတွေဖြစ်နေသောပုံ ဒါနဲ့ပဲ သူတို့လာအပ်သည့် အခြား အထည်တွေ ယူကြည့်သည်။ ထိုနည်းအတိုင်း နောက်တစ်ခါ ကျွန်မတို့ဆီမှာလာအပ်ထားသည့် အဆင်အသွေးတူ အခြားပိုးထည်တွေ ယူကြည့်သည်။ ထိုနည်းအတိုင်း ဘာမှားသလဲ၊ ဟင့်အင်း ....... ဘာမှမမှားဘူး။

သည့်အချိန်မှာပဲ ဆိုင်ရှေ့သို့ ကားဖြူလေးတစ်စီး ထိုးဆိုက်လာသည်။ ကားထဲမှ ကောင် လေးတစ်ယောက်၊ ကောင်မလေးတစ်ယောက် ဆင်းလာ၏ ။

"ဟော.......လာပြီ အန်တီလေး။ သူတို့လာပြီ"

"ဪ.......သူတို့ပဲ" ဟု ကျွန်မသိလိုက်ချိန်၌ စောစောက စိတ်ဖိစီးမှု အနည်းငယ်လျော့ သွား၏ ။ ဆိုင်ထဲဝင်လာတာနှင့် "ကဲ.......အန်တီ ဘယ်လိုလုပ်ပေးမလဲ" ဆိုတာက စပြောသူမှာ ယောကျ်ားလေးဟုထင်ရသော ကလေးမလေးပင်။ သည်နေရာသို့ စတင်ခေါ်လာသူမှာ ထိုကလေး မပင်ဖြစ်ပြီး ထိုအထည်စများကို ဝယ်ပေးသူမှာလည်း ထိုကလေးမပင် ဖြစ်နိုင်ပါသည်။ ဦးဆောင်သူ ပါလာသော တကယ့်အကျႌအပ်သူ ကလေးမလေးမှာ နောက်လိုက်ကောင်းပီပီ ခပ်ရွံ့ရွံ့နှင့် စိုးရိမ် နေပုံလေး -

ကျွန်မ အလှပဆုံး၊ အကြင်နာဆုံး ပြုံးပြပြီး "အေး.......အေး.......အန်တီတို့ အခုပဲ ဒီအကြောင်းပြောနေတာ" ဟု နှုတ်ဆက်လိုက်ပါသည်။ ပြေလည်ရာ ပြေလည်ကြောင်း ရှင်းပြ ပြောပြဖို့ပင် စိတ်ကူးပါသည်။

"အန်တီ စဉ်းစားကြည့်လေ၊ ဒါ ဘွဲ့ယူဖို့ချုပ်တာ၊ ရီဟာဇယ်နေ့မှာ ဝတ်ဖို့ဆိုပြီး ဈေးကြီးကြီး ပေးဝယ်လာတာ အချိန်မီအောင်တောင် အရင်ဆုံးလာအပ်ထားတာ၊ သမီးဆို မျက်ရည်တောင် ကျတယ်၊ ဒါ အန်တီတို့ဆီရောက်မှဖြစ်တာ၊ နဂိုက မတွေ့ပါဘူးနော် မဟုတ်လား၊ သူတော့မသိ ဘူး သမီးကတော့ သိပ်စိတ်မကောင်းတာ အမှန်ပဲ။ သမီးအဒေါ်တွေ ခုနစ်သောင်း ရှစ်သောင်းတန် တွေ ဝယ်ချုပ်တာပဲ။ ဒီအထည်တွေ အခြောက်လျှော်ကြတာ အခုလို ရေထိတာမဟုတ်ဘူး။ ပြန်ကို ဝယ်ရမှာပဲ အန်တီ ပြန်ဝယ်မှဖြစ်တာ၊ ဒါနာမည်ကြီး ပိုးထည်ဆိုင်က ဝယ်တာမဖြစ်ဘူး ပြန်ဝယ်ရမှာ ပဲအန်တီ"

နေပါဦး ခဏလေး.......ခဏလေး၊ အန်တီရှင်းပြမယ်လို့တောင်

ပြောခွင့်မသာ၊ ကျွန်မ သူတို့ကို ကြောင်ကြည့်နေမိ၏ ။ ကာယကံရှင်ကောင်မလေးက အားနာနေပုံရသည်။ ဘာပြောလို့ ဘာဆိုရမည်မှန်း မသိသည့်ပုံလေး။ သူ့အကျႌလေးကို ကိုင်ကြည့်လိုက်၊ သူ့အချစ်တော်လေး မျက်နှာကိုငေးကြည့်လိုက်။ ကျွန်မကို မချိပြုံးလေးကြည့်လိုက်နှင့် သိသိကြီးနှင့်ငြင်းနေမှန်း သိသာ၏ ။

ကျွန်မ အလွန်အံ့အားသင့်နေ၏ ။ ပညာရပ်ဆိုင်ရာ အမြင့်ဆုံးဘွဲ့ကိုယူမည့် ကလေးမလေး တစ်ယောက်။ ထားပါတော့ သူမဟာ အင်ဂျင်နီယာမလေးပဲ ဆိုပါတော့.......အဲဒီ လို အင်ဂျင်နီယာ မလေးသာဖြစ်ခဲ့လျှင် သူများဆုံးဖြတ်သည့်အတိုင်း အမှား၊ အမှန်ကိုမခွဲခြားဘဲ ရောခေါင်းညိတ် ခေါင်းခါပြုပြီး သူမ၏ အလုပ်ခွင်၌ သဲသုံးဆ ဘိလပ်မြေတစ်ဆဆိုရင်တော့ မတွေးဝံ့စရာပါပဲ။ ပြိုကျ လိုက်မယ့်တိုက်တွေဆိုတာ။

“ကိုင်း.......ဒါဆို အန်တီဘာလုပ်ပေးရမလဲ”

ဒီမေးခွန်းပဲ မေးဖို့ရှိတော့သည့်အတွက် ထိုအတိုင်း မေးလိုက်တော့၏ ။ မထူးဘူးလေ။ ကျွန်မ ကလေးတွေရှင်းပြကတည်းက နားလည်ပြီးသားမို့ အခုလို ယောကျ်ားလေးပုံစံနှင့် မိန်းကလေးတစ်ယောက်က သူ့ကိုယ်ပေါ် ဝတ်လေ့ဝတ်ထမရှိသော ပိုးထည်စအကြောင်းကို အခု လောက်လူတတ်ကြီးလုပ်ပြီး ရမ်းသန်းမှန်းဆပြောနေကတည်းက မထူးဘူးဆိုတာ ကျွန်မသိပြီး သား။ အကျႌချုပ်ချိန်မှာ အကျႌလျော်တာပါဟု ပြောဖို့မလိုတာကို ရေထိလို့ အထည်ပျက်သွားတာ ပဲဟု တလွဲကြီးတွေးနေ၏ ။ လျော်ပဲလျော်ခိုင်းနေတာကိုက ကျွန်မတို့လုပ်ငန်းအပေါ် လေးစားမှု ရှိသေမှုရှိနေတာပဲဟု ကျွန်မထင်သည်။ ဒါတောင်မှ ကျွန်မက သူတို့စိတ်ကျေနပ်အောင် ပိုသော အထည်စလေးကို ရေတောက်ပြီး မီးပူတိုက်ပြသည်။ ပြန့်နေလိုက်တာမှ ချောလို့။ ဖောင်းကြွကြွ လေးတွေကို မီးပူတိုက်ပြသည်။ ဒီအတိုင်းပဲ ပြန့်သည်။ ပြီးတော့ ပြန်ဖောင်းကြွသည်။ တခြား အထည်တွေကို ထုတ်ပြသည်။ ဒီအတိုင်း သူဘယ်လိုမှ မကျေနပ်။ အတင်းပဲ ခံငြင်းနေ၏ ။

"ဒါ ဝယ်လာတဲ့အထည်ဆိုင်ကိုပဲ ပြန်ပြောရမှာ သမီး။ အန်တီတို့နဲ့ လုံးဝမဆိုင်ဘူး။ ဒါပေမဲ့ အန်တီတို့က ကိုယ့်အလုပ်ရဲ့ဂုဏ်သိက္ခာအရ သမီးတို့အမြတ်တနိုးယူမယ့်ဘွဲ့ကို ငွေသောအားဖြင့် လျော့လိုက်မယ်၊ ကဲ.......သွားပြန်ဝယ်၊ ပြီးရင် ဘောက်ချာလေးတော့ လာပေး၊ ဒါမှမဟုတ် အန်တီ လိုက်ဝယ်ပေးရမလား၊ သေချာတာက ဒီအထည်ကို ရေမထိလေအထိ အကောင်းဆုံးချုပ်ထားတာ တော့အမှန်ပဲ"

"ရတယ်.......ရတယ်"

"ဘယ်လောက်လျော့ရမလဲ.......ပြော"

"ငါးသောင်းရှစ်ထောင်ကျတယ်"

ဘုရားရေ.......ငါးသောင်းရှစ်ထောင်၊ ကိုင်း.......ရှိစေတော့။

"ငါးသောင်းပဲပေးမယ်"

ယတိပြတ် ကျွန်မပြောချလိုက်၏။

"ဟင်" ဆိုသည့်အသံက ကျွန်မအနောက်ဘက်နေ နှစ်သံလောက်ပေါ်လာ၏။ ကျွန်မ လှည့် မကြည့်တော့။ အိတ်ထဲမှာရှိနေသည့် ငွေငါးသောင်း ထုတ်ပေးလိုက်၏။ မြန်ဆန်လိုက်တဲ့လက်နှင့် ဆတ်ခနဲဆွဲ၏။ လက်ထဲကပါသွားသည့် တစ်ထောင်ကျပ်တန် ငွေငါးသောင်းကို နှမျောရကောင်း မှန်းမသိဘဲ အလုပ်တစ်လုပ်လုပ်တာပဲဟု သဘောထားချိန်၌ ယောကျ်ားလေးပုံစံနှင့် ကောင်မလေး ၏ နှုတ်ထွက်စကားက ကျွန်မခေါင်းကို နောက်ကျိစေခဲ့ပြန်၏။

"မျက်နှာပူလိုက်တာ အန်တီရယ်၊ ရေခဲရေတောင် ပက်လိုက်ချင်ပါရဲ့ သမီးတို့ နောက် လည်းလာအပ်ပါဦးမယ်၊ အခု အပ်ထားတဲ့ ၂ ထည်လည်း ဆက်ချုပ်ပေးပါနော်"

"အေး.......အေး"

သူတို့ပြန်သွားချိန်၌ ကျွန်မစဉ်းစားသည်။ တစ်ကြိမ်တစ်ခါမှ မတွေးမိသည့် ဖြစ်စဉ်တစ်ခုပါ။ အကျ‌ေ၏ မူလအသားအပေါ် ငြင်းချက်ထုတ်ပြီး အလျော်တောင်းတာကို ပေးလိုက်ရတာ နည်းနည်း များရှက်စရာကောင်းနေသလား။ အို.......ဒါ တို့အလုပ်ရဲ့ ဂုဏ်သိက္ခာအပြင် ဘွဲ့ယူမယ့်ကလေး မလေးကို သမီးလေးလိုသဘောထားတဲ့ စိတ်စေတနာနဲ့ သူ့အခက်အခဲကို ဖြေရှင်းပေးလိုက်တာပါပဲ။

"အန်တီလေး.......ဟိုမှာ"

အချိန်ဘယ်လောက်ကြာသွားမှန်း မသိခင်မှာပင် ကျွန်မတူမလေးက လက်အသာတို့၏ ။ ကျွန်မ မော့ကြည့်လိုက်၏ ။ မျက်ရိပ်ပြသော တူမလေးကြောင့် နောက်လှည့်ကြည့်လိုက်ရာ အပ်ချုပ် ခုံပေါ်မှာ မျက်ရည်တစ်ပေါက်ပေါက်ကျနေသော ကျွန်မ၏ ဒီဇိုင်နာညီမလေး ဘရဏီကို တွေ့ရ လေ၏ ။

ကျွန်မ ချက်ချင်းရိပ်မိလိုက်၏ ။ ဘရဏီ၏ ခံစားချက်ကို ကျွန်မ မေ့လျော့ခဲ့သည့်အဖြစ်ကို ပြန်သတိရသွား၏ ။ "ဘရဏီ" ဟု ကျွန်မလှမ်းခေါ်လိုက်တော့ မျက်ရည်တွေကြားက ပြုံးပြုံးလေး ပြန်ပြောသော ဘရဏီ့စကားက ကျွန်မကို ထိခိုက်ခံစားစေတော့သည်။

"ဒါ မတရားတာပဲ မမရယ်.......သူတို့ကို ဘာလို့လျော်ရမှာလဲ၊ သမီးတို့ အမှားမှမဟုတ်ဘဲ၊ ဒါ အထည်ဆိုင်နဲ့ပဲဆိုင်တာ၊ ပြီးတော့ ဟိုမှာ သူတို့သွားငြင်းလည်း အထည်ဆိုင်က ငြင်းလွှတ်မှာ ဝယ်ပြီးပစ္စည်းပြန်မှမလဲတာ၊ သမီးတို့က မီးပူတိုက်တာလည်း မဟုတ်၊ လျှော်တာလည်းမဟုတ်၊ ပုံစံ မှားတာလည်းမဟုတ်၊ ချုပ်တာမကောင်းတာလည်း မဟုတ်ဘဲနဲ့ သမီးတို့ရဲ့ ဂုဏ်သိက္ခာ ထိခိုက် တယ်"

ပြုံးပြုံးလေးနှင့်ပြောရင်း မျက်ရည်တွေလိမ့်ကျနေသော ကျွန်မရဲ့

ဘရဏီကိုကြည့်ရင်း ....... ကြည့်ရင်း.......ကျွန်မမျက်လုံးထဲ၌ မျက်ရည်တွေပြည့်လာ၏ ။ ဂုဏ်သိက္ခာတဲ့.......။ ဂုဏ်သိက္ခာတဲ့ လား။ ကျွန်မလန့်သွား၏ ။

"သမီး ဒီအလုပ်လုပ်လာတာ ငယ်ငယ်လေးကတည်းက တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး။ ပိုးထည် ဆိုတာ သမီးချုပ်နေကျပဲ။ ဒီလိုလည်း အတင်းမလျော်ခိုင်းပါဘူး။ ဒါနဲ့ သူတို့က သူဌေးတွေဆိုပြီး တော့ ဈေးကကွာနေတယ်"

ကိုယ့်ပညာ ကိုယ့်အရည်အချင်းကို စော်ကားလေခြင်းဟု ခံစားနေရသော ဘရဏီ့မျက်ရည် များက ကျွန်မကို ပူလောင်စေတော့၏ ။ တခြား စိတ်ဖိစီးမှုများဖြင့် ဝမ်းနည်းနေနှင့်သော ကျွန်မမှာ ဘရဏီကို ဘာစကားမှမပြောနိုင်ဘဲ မျက်ရည်တွေကျလာ၏ ။ ထိုစဉ် ဘရဏီက အထည်ဈေးနှုန်း ကပ်ထားသည့်စာရွက်ကို ပြ၏ ။

"အေးနော်.......မမတို့က ဘာလို့လျော်ရမှာလဲ၊ နေ.......နေ.......မမ ပြန်ဖုန်းဆက်ပြီးညှိ မယ်၊ သူတို့သွားဝယ်မယ့်ဆိုင်ကို မမလိုက်သွားပြီး ရှင်းပြလိုက်မယ်။ သမီး စိတ်အေးအေးထား၊ သမီးဂုဏ်သိက္ခာ မထိခိုက်ပါဘူး၊ သူတို့က သူဌေးတွေပါ၊ ဒီလောက်နဲ့တော့ သူတို့ဂုဏ်သိက္ခာ လည်း အကျခံမှာမဟုတ်ပါဘူး သမီးရယ် ပိုက်ဆံပြန်ရမှာပါ"

*

သို့သော် ကျွန်အထင် တက်တက်စင်လွဲပါသည်။ ထိုနေ့က ဘရဏီကျသော မျက်ရည် ပြုံးပြုံးလေးကို အားနာလှစွာ နောက်တစ်နေ့၌ ထိုသူဌေးကောင်မလေးဟုဆိုသူထံ ဖုန်းဖြင့် ဆက် သွယ်လိုက်၏ ။ ကျွန်မကို လာတွေ့ပါဦးဟု။ ဒါပေမဲ့ လာမတွေ့ပါ။ နောက် သုံးရက်တစ်ခါလောက် ဆက်၏ ။ ဖုန်းနှင့် ပြန်ရှင်းပြလိုက်၏ ။ ကိုယ့်ဘက်က ငွေကျွံသွားပေမယ့် ဂုဏ်သိက္ခာတော့

အကျွံ့ မခံနိုင်ပါ။ ယဉ်ယဉ်ကျေးကျေးရှင်းပြလျှင် ဇာတ်ရည်လည်တန်ကောင်းပါရဲ့ဟု အားတင်းပြီး ရှင်းပြ ပေမယ့် ကျွန်မ၏ မျှော်လင့်ချက်က သဲထဲရေသွန်။

“လေဘယ်လ်မှာတပ်ထားတာ သုံးသောင်းရှစ်ထောင်တဲ့ သမီးရေ။ ပြီးတော့ အထည်ဖိုး လျှော်ရရင် အထည်ထားခဲ့ရမှာ မဟုတ်လားသမီးရယ်၊ အခုရော ဝယ်ပြီးပြီလား အန်တီတို့ကို လာခေါ်မယ်ဆို” ချင့်စပေမယ့် တစ်ဖက်က တုန့်ပြန်မှုက ရင့်သီးရိုင်းစိုင်းလှ၏ ။ မအားသေးဘူး၊ ဘယ်သူဘာဖြစ်လို့၊ မယုံဘူးလားနှင့် ရန်စကားချည်းပြောနေရာမှ ဒါ.......အန်တီတို့ကြောင့် ဖြစ် တာပဲ။ ပြန်မပေးနိုင်ဘူးဟု ယတိပြတ်ပြောလာ၏ ။ ပိုဆိုးတာက ဝယ်တဲ့ပိုးထည်ဆိုင်လိုက်ခဲ့မယ် ဆိုတော့ အဲ့ဒီကိုမသွားတော့ဘူး စကော့ဝယ်တာတဲ့။ ဘယ်အထည်ကို ဘယ်မှာဝယ်တာတောင် ကျွန်မတို့မရှင်းနိုင်တော့ ချုပ်ပြီးသား လက်ကျန်အထည် -၂စုံကို ဘာလုပ်ရမှန်းလည်းမသိ။ ထို အထည် ၂-စုံကရော ဘယ်လောက်တန်သလဲ။ ကျွန်မတို့အထင်တော့ နှစ်ထည်ပေါင်း ငါးသောင်း တန်မည်မထင်။ ချုပ်ခတွေနှင့်နှုတ်လျှင် ကျွန်မတို့ဘက်က ပိုပိုရှုံးနေတော့၏ ။ ဖြစ်မှဖြစ်ရလေဟု တွေးပြီး ငွေပြန်ချော့တောင်းဖို့ပဲ ဦးတည်ရ၏ ။ ငွေပြန်လာပေးပါ၊ အထည်ကို ဒီအသား ဒီအစ လိုက် ဝယ်ပေးပါမည်ဟုသာပြောပေမယ့် ထိုသူဌေးမလေး၏ အဖြေက ကျွန်အတွေးနှင့် လွဲသွားလေ တော့၏ ။

“ငါးသောင်းလောက်နဲ့ ဂရုမစိုက်ဘူးအန်တီ။ ငါးသိန်းလည်း ဂရုမစိုက်ဘူး။ သိန်းငါးဆယ် လည်းဂရုမစိုက်ဘူး၊ မအားလို့ဗျ.......မအားလို့။ ပြန်လာပေးမယ်ဗျာ၊ ကျန်တဲ့နှစ်ထည်လည်း ပြန် လာယူမယ် ဒါပဲ”

ထောင်းခနဲထွက်သွားသည့်ဒေါသကြောင့် ကျွန်မဘာပြန်ပြောလိုက်သည် ထင်ပါသလဲ။

“အေး.......မင်းမှန်တယ်ဆိုရင် လာခဲ့ပေ့ါ၊ ငါတို့ စောင့်နေမယ်”

ဘယ်ဘက်က ဖုန်းအရင်ချမိလဲ မသိပါ။ ဇာတ်လမ်းက ထိုနေရာမှာ

ပြတ်သွား၏ ။ ဘယ် လောက်ထိ ပြတ်သွားလဲဆိုတော့ ပေါ်ကိုမလာတော့သည့်အဖြစ်။

ကျွန်မ၏ လုပ်ငန်းအတွေ့အကြုံ စစချင်း ရလိုက်သည့်အမြတ်က ငွေငါးသောင်းရှုံးသွားခြင်း ပဲဟု ကျွန်မကလေးတွေက ပြောကြသည်။ နှမျောစရာကြီးဟုပြောရင်း သူတို့လာမရွေးသည့် အထည်နှစ်စုံကို ကိုင်ကြည့်ကြသည်။ ဘယ်သူနှင့်မှမတော်၍ အလှကြည့်နေရသည့် ဝတ်စုံနှစ်စုံကို လာရွေးလေမလား။ ငွေငါးသောင်းများ ပြန်ရလေမလားနှင့် တမျှော်မျှော်သာ မောရပါသည်။ သိန်း ငါးဆယ်ဂရုမစိုက်သည့် သူဌေးမလေးက လေဘ်လ်မှာ သုံးသောင်းရှစ်ထောင်ကျပ်ဟု ကပ်ထားပါ လျက် ငါးသောင်းရှစ်ထောင်ကျပ် တောင်းသွားတာကိုပဲ အားနာနေသလားမသိ။ ယူသွားသည့် ဝတ်စုံကို ပြန်မပေးချင်၍ များ ရှောင်နေလားမသိ။ ချုပ်ခတွေ မပေးချင်၍ များ ပုန်းနေရော့မသိ။ မသိ.......မသိ .......နှင့် ထိုသူဌေးမလေးနှင့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ယူမည့် ပညာရှင်မလေး တို့ ပေါ်ကိုမလာတော့ပါချေ။

ထိုအကြောင်းကို အခုလို လေးငါးလအကြာ ပြန်ပြောတိုင်း ကျွန်မညီမလေးဘရဏီက "သမီးတို့ရှုံးတာပေါ့ မမရယ်၊ နှမျောစရာကြီး" ဟု အမြဲပြောတတ်၏ ။

ထိုအခါ ရယ်ရင်းပြုံးရင်း ကျွန်မပြန်ပြောသောစကားများကလည်း ဘရဏီ့သိက္ခာအတွက် အားတက်စရာပင် ဖြစ်နေစမြဲပင်။

"မရှုံးပါဘူး သမီးရယ်၊ သူ့သိက္ခာ.......ကိုယ့်သိက္ခာကို ငွေငါးသောင်းလောက်နဲ့ အပေးအယူ စမ်းသပ်ခွင့်ရတာ ပဲ။ ထားခဲ့တဲ့ဝတ်စုံနှစ်စုံကို သူတို့က ငါးသောင်းနဲ့လဲလိုက်တယ်လို့ ယူဆမယ်။ ဒါဆို သူတို့မှားမှာပဲ။ အလှချိတ်ထားတဲ့ အဲဒီ ဝတ်စုံနှစ်စုံက မမတို့ရဲ့ဂုဏ်သိက္ခာအတွက် တမြတ်တနိုးကိုထားပြီးချိတ်ထားမယ် အပေးအယူဆိုတာ ဒီလိုပဲရှိတယ် သမီးရဲ့"

ထိုနေ့ကတည်းက ချိတ်ဆွဲထားသော "ရောင်းရန်မဟုတ်ပါ" ဆိုသော စာတမ်းအထက်က ဝတ်စုံနှစ်စုံကိုမြင်သူတိုင်းက "ဘာကြောင့်လဲ" ဟု မေးလေတိုင်း ကျွန်မရယ်၍ သာ ရှိနေ၏ ။

(Fashion Image၊ ၂၀၀၈ ၊ ဖေဖော်ဝါရီလ)